# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး ရှိတဲ့အနက် ၃၃၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၃ ရက်၊

(၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၄ ရက်၊

(၃) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၄) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၅) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်၊

(၆) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၈) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း ခွင့် ၄ ရက်၊

(၉) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၄ ရက်၊

(၁၀) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၁၁) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၈၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အလုပ်သမားနှင့် အလုပ်ရှင်အငြင်းပွားမှုဖြေရှင်းရာတွင် နစ်နာသူအလုပ်သမားများအတွက် လျော်ကြေးငွေမှာ နည်းပါးနေပါသဖြင့် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ အလုပ်သမားနှင့် အလုပ်ရှင်အငြင်းပွားမှုဖြေရှင်းရာတွင် အလုပ်သမားတစ်ဦးအလုပ်ခွင်တွင် ထိခိုက်သေဆုံးလျှင် တွက်ချက်ပုံနည်းစနစ်များဖြင့်တွက်ချက်ပြီး ကျပ် ၁၅၀၀၀၀ ထက်မနည်း ကျပ် ၄၅၀၀၀၀ ထက်မပိုစေရဟုလည်းကောင်း၊ အလုပ်သမားတစ်ဦး အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိပြီး ပြတ်ရှကွဲခြင်း၊ မသန်မစွမ်းဖြစ်ခြင်းများဖြစ်ပေါ်စေလျှင် ကျပ် ၂၀၀၀၀၀ ထက်မနည်း ကျပ် ၆၀၀၀၀၀ သိန်းထက်မပိုစေဟုလည်းကောင်း ဆိုသည့် အဓိပ္ပာယ်သက်ရောက်စေသော အလုပ်သမားဝန်ကြီးဌာန၏ ၂၀၀၅ ခုနှစ် အမိန့်ညွှန်ကြားချက်သည် ယခုခေတ်နစ်နာသူအလုပ်သမားများအတွက် လျော်ကြေးငွေနည်းပါးနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် အဆိုပါအမိန့်ညွှန်ကြားချက်သည် အလုပ်သမားတစ်ဦး၏ တစ်လအခ ကြေးငွေတစ်လလုပ်ခလစာ ဘယ်လောက်ဖြင့်တွက်ချက်ထားပါသနည်း။ လက်ရှိခေတ်စနစ်ဖြင့် လျော်ညီမှုရှိပါသလား။ ခေတ်စနစ်ဖြင့်လျော်ညီမှုမရှိခဲ့ပါလျှင် သက်ဆိုင်ရာဝန်ကြီးဌာနက ပြင်ဆင်သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းဂါရဝပြုအပ်ပါတယ်ရှင်။ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ကျွန်မ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းမှ ဖြေကြားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေကို ၁-၇-၁၉၂၄ ခု နေ့မှာ စတင်

ပြဋ္ဌာန်းပြီး အာဏာတည်ခဲ့ပါတယ်။ ၁၁-၅-၂၀၀၅ ခုနှစ်မှာတော့ ခေတ်နှင့်လျော်ညီဖို့အတွက် ပြုပြင် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဤဥပဒေအရ အလုပ်သမားတစ်ဦးသည် အလုပ်တာဝန် ထမ်းဆောင်နေချိန်အတွင်း အလုပ်ကိုအကြောင်းပြု၍ မတော်တဆထိခိုက်သေဆုံးလျှင်သော်လည်း ကောင်း၊ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းဆုံးရှုံးလျှင်သော်လည်းကောင်း၊ အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ရောဂါရရှိသော်လည်းကောင်း ထိုသူနှင့် ထိုသူမှီခိုသူအတွက် စားဝတ်နေရေးသက်သာချောင်ချိစေရန် အထောက်အပံ့ပေးခြင်းဖြစ်ပါတယ်။

အလုပ်သမားတစ်ဦးထိခိုက်သေဆုံးလျှင် အလုပ်သမားလျော်ကြေးအက်ဥပဒေအရ လျော်ကြေး ငွေပေးရန် အနည်းဆုံးမှာ ငွေကျပ် ၁၅၀၀၀၀၊ အများဆုံးမှာ ငွေကျပ် ၄၅၀၀၀၀ သတ်မှတ်ထားပါ တယ်။ အကယ်၍ အလုပ်သမားတစ်ဦးသည် အမြဲတမ်းလုံးဝမသန်မစွမ်းဖြစ်လျှင်သော်လည်းကောင်း၊ အမြဲတမ်းတစ်စိတ်တစ်ဒေသ မသန်မစွမ်းဖြစ်လျှင်သော်လည်းကောင်း အလုပ်သမားလျော်ကြေး အက်ဥပဒေနှင့်အညီ လျော်ကြေးပေးရန် အနည်းဆုံးမှာ ငွေကျပ် ၂၀၀၀၀၀ နှင့် အများဆုံး ၆၀၀၀၀၀ ကျပ်အထိ သတ်မှတ်ထားပါတယ်။ ထို့အပြင် အလုပ်သမားတစ်ဦးသည် လူမှုဖူလုံရေးအကျုံးဝင်သူ ဖြစ်ပါက လူမှုဖူလုံရေးဥပဒေနှင့်အညီ ခံစားခွင့်ရှိခဲ့ပါတယ်။ ယာယီမသန်မစွမ်းမှုဖြစ်ပါကလည်း လစာ၏သုံးပုံနှစ်ပုံကို လဝက်တစ်ကြိမ် ထုတ်ပေးရပါတယ်။ ယခုအခါမှာ အလုပ်သမားလျော်ကြေး အက်ဥပဒေသည် ခေတ်ကာလနှင့် ကိုက်ညီမှုမရှိတော့ပါသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ထို့အပြင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးနှင့်ဆက်နွယ်ပြီး ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်မ အနည်းငယ် ဆက်လက်တင်ပြပါ့မယ်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ အာမခံအလုပ်သမားများသည် အလုပ် တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းအကျိုးခံစားခွင့်၊ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်၊ အလုပ် တွင် ထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်တို့ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိ ပါတယ်။ အာမခံထားသူသည် အလုပ်တွင် ထိခိုက်မှုကြောင့် အလုပ်မလုပ်နိုင်၍ ဝင်ငွေလျော့နည်းခြင်း သို့တည်းမဟုတ် ဝင်ငွေရပ်စဲခြင်းဖြစ်လျှင် အခမဲ့ဆေးကုသမှုခံယူခွင့်ရှိသည့်အပြင် ဆေးသက်သေခံ လက်မှတ်အရ ယာယီမသန်စွမ်းမှုနှင့်ဆိုင်တဲ့ အကျိုးခံစားခွင့်အဖြစ် အလုပ်တွင် ထိခိုက်မှုမဖြစ်မီ လေးလအတွင်း ပျမ်းမျှလုပ်ခ၏ ၇၀ ရာခိုင်နှုန်းကိုလည်း စတင်မလုပ်နိုင်သည့်နေ့မှ အများဆုံး ၁၂ လအထိ ခံစားခွင့်ပေးထားပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အာမခံထားသူသည် အလုပ်တွင်ထိခိုက်မှုကြောင့် အလုပ်လုပ်နိုင်လျှင် လုပ်နိုင်သည့်အင်အား တစ်စိတ်တစ်ဒေသ အမြဲတမ်းဆုံးရှုံးနိုင်ဖွယ်ရာအကြောင်းရှိလျှင် အမြဲတမ်း တစ်စိတ်တစ်ဒေသမသန်စွမ်းမှုနှင့်သက်ဆိုင်တဲ့ ငွေကြေးအကျိုးခံစားခွင့်ကိုလည်းကောင်း၊ အလုပ်လုပ်နိုင်သည့်အင်အား လုံးဝအမြဲတမ်းဆုံးရှုံးနိုင်ဖွယ်ရှိလျှင် အမြဲတမ်းလုံးဝမသန်စွမ်းမှုနှင့်ဆိုင်တဲ့ငွေကြေးအကျိုးခံစားခွင့်တို့ကိုလည်းကောင်း ခံစားခွင့်ရှိပါတယ်။ ထိုခံစားခွင့်များအတွက် အလုပ်တွင်ထိခိုက်မှုမဖြစ်မီ လေးလအတွင်း ပျမ်းမျှတစ်လစာရဲ့ ၇၀ ရာခိုင်နှုန်းကို ဆေးဘက်ဆိုင်ရာအဖွဲ့ရဲ့ အမြဲတမ်းလုပ်အားဆုံးရှုံးမှုရာခိုင်နှုန်း ဆုံးဖြတ်ချက်အပေါ်အခြေပြုပြီး တွက်ချက်ပြီးတော့ ငွေကြေးအကျိုးခံစားခွင့်ကို ခံစားခွင့်ဟုသတ်မှတ်ပြီး ဥပဒေနှင့်အညီ ခံစားခွင့်ပေးလျက်ရှိပါတယ်။ အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်း၏အောက်ဖြစ်ပါက ထိုသူခံစားခွင့်ရှိသော လစဉ်အကျိုးခံစားခွင့် ငါးနှစ်အတွက် ရသင့်ရထိုက်တဲ့ငွေကြေးကို တစ်လုံးတစ်ခဲတည်းအဖြစ်လည်းကောင်း၊ လုပ်အားဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်းအထက် ၇၅ ရာခိုင်နှုန်းအထိဖြစ်ပါကလည်း ထိုသူခံစားခွင့်ရှိသော လစဉ်အကျိုးခံစားခွင့်ရဲ့ ခုနစ်နှစ်အတွက် ရသင့်ရထိုက်တဲ့ငွေကြေးကို ၎င်းဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ခံစားခွင့်ကိုလည်းကောင်း၊ လုပ်အားဆုံးရှုံးမှုမှာ ၇၅ ရာခိုင်နှုန်းအထက်ဖြစ်လာလျှင် ထိုသူခံစားခွင့်ထက် လစဉ်အကျိုးခံစားခွင့်ကို ကိုးနှစ်အတွက် ရသင့်ရထိုက်တဲ့ငွေကြေးနဲ့ ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်း သို့မဟုတ် လစဉ်အသက်ထက်ဆုံးဖြစ်စေ ခံစားခွင့်ကိုလည်းကောင်း၊ အမြဲတမ်းလုံးဝဆေးသက်သေခံလက်မှတ် မသန်စွမ်းသူကို အခြားသူတစ်ဦးတစ်ယောက်က အမြဲမပြတ်ပြုစုနေရပြီဆိုခဲ့ရင်တော့ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှတဲ့ထပ်ဆောင်းငွေကို ထိုသူ၏ဆန္ဒအရ ဖြစ်စေ၊ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ လစဉ်ဖြစ်စေ၊ သက်ဆုံးတိုင်ဖြစ်စေ ထောက်ပံ့ခံစားခွင့်ရှိပါတယ်။

ဒါကြောင့်မို့လို့ အလုပ်တွင်ထိခိုက်တဲ့သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ကိုလည်း ကျွန်မတို့ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၂ ပုဒ်မခွဲ(က)အရ အလုပ်တွင် ထိခိုက်လျှင် အာမခံထားသူ သေဆုံးသည့်အခါ အာမခံထားသူက အမည်စာရင်းပေးသွင်းထားခြင်းခံရသူသည် ထိုအာမခံထားသူ မသေဆုံးမီ လေးလအတွင်း ရရှိသောပျမ်းမျှလုပ်ခ၏ ထည့်ဝင်ကြေးပေးသွင်းသည့်ကာလအခြေပြု၍ ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ရပိုင်ခွင့်ရှိပါတယ်ရှင်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ထည့်ဝင်ကြေး လပေါင်း ၆၀ အောက် ပေးသွင်းပြီးပြီဆိုခဲ့ရင်တော့ လုပ်ခလစာရဲ့ ၃၀ ဆ၊ ထည့်ဝင်ငွေ လပေါင်း ၆၀ အထက်မှ လပေါင်း ၁၂၀ နှင့်အောက် ပေးသွင်းပြီးပြီ

ဆိုရင်တော့ ပျမ်းမျှလုပ်ခတစ်လစာရဲ့ ၅၀ ဆ၊ ထည့်ဝင်ကြေးငွေကို လပေါင်း ၁၂၀ အထက်နှင့် လပေါင်း ၂၄၀ အောက် ပေးသွင်းပြီးပါက ပျမ်းမျှလုပ်ခတစ်လစာရဲ့ ၆၀ ဆနှင့် ထည့်ဝင်ကြေးငွေကို လပေါင်း ၂၄၀ အထက်ပေးသွင်းပြီးပါက ပျမ်းမျှလုပ်ခတစ်လစာရဲ့ ၈၀ ဆအထိ ခံစားခွင့် ပေးထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဝန်ကြီး ဖြေကြားသွားမှုအပေါ်မှာ ဒါ ကျွန်တော်တို့ ရှိထားတဲ့ဥပဒေကိုလည်းပဲ ပြင်သွားမယ်ဆိုတာသိရတဲ့ အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းရဲ့ရည်ရွယ်ချက်က အလုပ်သမား တစ်ယောက်အလုပ်ခွင်မှာ ဝင်တဲ့အခါမှာ လူမှုဖူလုံရေးအသင်းမဝင်ရသေးခင်မှာ ထိုသူတစ်ယောက် က လုပ်ငန်းခွင်မှာ ထိခိုက်ဒဏ်ရာရရတယ်၊ သေဆုံးသွားတယ်ဆိုလို့ရှိရင် အဓိကရည်ရွယ်ပြီးတော့ မေးခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ဖြစ်စဉ် မေးရတဲ့မေးခွန်းအကြောင်းအရာကတော့ ကျွန်တော့်မဲဆန္ဒ နယ်က ဦးဟန်သောင်းနှင့် ကိုတင်လှိုင်ဆိုတဲ့ အလုပ်သမားနှစ်ယောက်ဟာ ချမ်းမြသာစည်ဆိုတဲ့ ကုမ္ပဏီတစ်ခုမှာ ညစောင့်လုပ်ငန်းလုပ်ကိုင်ရင်း သူတို့နှစ်ယောက်ကို ရက်ရက်စက်စက်အသတ်ခံရ ပါတယ်။ ခေါင်းကိုရိုက်ပြီးတော့ နှလုံးထဲကို အက်စစ်နဲ့ထိုးပြီးတော့ သတ်ခံရတဲ့ကိစ္စကနေ အခြေခံ လာပြီးတော့ ဒီညွှန်ကြားချက်ကို ကျွန်တော့်အနေနဲ့ တွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် လူမှုဖူလုံရေး မဝင်ရသေးခင်မှာ ခံစားရမယ့် ကျွန်တော့်ရဲ့မေးခွန်းအပေါ်မှာမူတည်တဲ့ဥပဒေကို ပြင်ဆင်မယ်ဆိုလို့ရှိ ရင် ဒီပြင်ဆင်ချက်ဟာ ဘယ်အချိန်လောက်များ ပြည်ထောင်စုလွှတ်တော်ကို တင်ပြနိုင်မလဲဆိုတာ သိရှိ လိုပါကြောင်း လေးစားစွာ ထပ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကိုသိန်းထွန်းဦး ပြောတဲ့အတိုင်းအတာဟာ ကျွန်မအနေနဲ့ ဒီဥပဒေကို ပြင်ဆင်ဖို့ ကျွန်မတို့ ရုံးတွင်းမှာတော့ ပြီးပါပြီ။ မကြာခင်မှာလည်း နိုင်ငံတော်အစိုးရကို တင်ပြပြီး လွှတ်တော်ထဲကို ပြန်လည်တင်ပြမှာဖြစ်ပါတယ်။ သူ့အနေအထားနဲ့ သူမေးထဲမေးခွန်းထဲမှာ ကျွန်မ တစ်ချက်ကလေးကျန်ခဲ့တာက တစ်လအခကြေးငွေ တစ်လလုပ်ခ မည်မျှနဲ့တွက်ချက်ပါသနည်း ဆိုတဲ့ နေရာမှာလည်း ကျန်ခဲ့ပါတယ်။ အဲ့ဒါလေးကလည်း ကျွန်မတို့ အဲ့ဒီခေတ်အခါအရ ၂၀၀၅ ခုနှစ်မှာ ပုံသေလစာတွေကို ပြန်ကြည့်တဲ့အခါမှာ ၄၀၀၀၀၊ ၅၀၀၀၀ အထိတော့ အမြင့်ဆုံးရှိပါတယ်။ အနည်းဆုံး ကတော့ ၁၂၅၀၀ အပေါ်မှာအခြေခံပြီးတွက်ထားခြင်းကြောင့် ပြင်ဆင်တဲ့ဥပဒေမှာ ချို့ယွင်းချက်အရ

ဒီမှာ ၁၅၀၀၀၀ နှင့် ၄၅၀၀၀၀ ဆိုပြီးသတ်မှတ်တာရယ်၊ ၂၀၀၀၀၀ နှင့် ၆၀၀၀၀၀ ဆိုပြီးသတ်မှတ်ထားပါတယ်။ ဒီဥပဒေကတော့ မကြာခင်မှာ ကျွန်မတို့ တင်တော့မယ့်အပိုင်းရှိပါတယ်ရှင့်။

**မြန်မာနိုင်ငံတွင် ရှားပါးလူမျိုးများဖြစ်သော ထရုန်နှင့် အိန်းလူမျိုးများ ရေရှည်တည်တံ့အောင် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများအားလုံး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းပြီးတော့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီမြန်မာတစ်နိုင်ငံလုံးနဲ့လည်း ဆိုင်တဲ့ဟာလည်းပါပါတယ်။ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က ပျူ၊ ကမ်းယံ၊ သက် ဆိုပြီးတော့ လူမျိုးကြီးသုံးစုရှိခဲ့ပါတယ်။ အဲ့ဒီလူမျိုးကြီးသုံးစုမှာ လူမျိုး ၁၀၁ ပါးထဲမှာပါရှိပါတယ်။ ကျွန်တော်တို့ ကုန်းဘောင်ခေတ်နံရံဆေးရေးပန်းချီများမှာ လေ့လာတဲ့အခါမှာ အချို့ကုန်းဘောင်ခေတ် ဘုရားများမှာတွေ့ရတာက ဥပမာ-စစ်ကိုင်းရွာသစ်ကြီးမှာဆိုရင် လောင်းဦးမော်စင်ဘုရားထဲမှာ လူမျိုး ၁၀၁ ပါးပုံတွေရော အောက်ကစာတွေရောတွေ့ပါတယ်။ နောက် ပခုက္ကူခရိုင်၊ ပခုက္ကူမြို့မြောက်ဘက် ၁၂ မိုင်ခန့်အကွာမှာရှိတဲ့ ဆင်ကျိုးရွှေဂူမှာလည်း လူမျိုး ၁၀၁ ပါးတွေ့ရပါတယ်။ နောက်တစ်ခါ မင်းဘူးမြို့၊ ဝက်ကြီးဂူဘုရားအတွင်းမှာရှိတဲ့ နံရံဆေးရေးပန်းချီများမှာလည်း အလားတူ လူမျိုး ၁၀၁ ပါးပုံများနှင့်တကွ စာများတွေ့ရပါတယ်။ အဲ့လိုလူမျိုး ၁၀၁ ပါးထဲမှာ ဇဝိန်လူမျိုး၊ ဇဝါလူမျိုးဆိုတာ အခု ကြားတောင်မကြားဘူးကြပါဘူး။ ဒါကုန်းဘောင်ခေတ်ကရှိခဲ့တယ်။ ယခုမတွေ့ရတော့ဘူး။ ဇဝိန်လူမျိုး၊ ဇဝါလူမျိုးများကတော့ ပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ပျူလူမျိုးများဟူ၍ ပျူကျောက်စာ၊ အရိုးအိုးစာများတွေ့ရသော်လည်း မြန်မာလူမျိုးနဲ့ရောနှောသွားကာ ပျူလူမျိုးများ ပျောက်ကွယ်သွားခဲ့ရပါတယ်။ သက်လူမျိုးများကတော့ ရခိုင်ပြည်မြောက်ဖျားမှာ ကျန်ပါသေးတယ်။ နောက်မြန်မာပြည်အလယ်ပိုင်း ပခန်းကြီးရဲ့မြောက်ဘက် ပခုက္ကူရဲ့မြောက်ဘက် ၁၉ မိုင်ခန့်အကွာအဝေးမှာ ကျွန်တော်တို့ သက်ရွာဆိုတာကျန်ပါတယ်။ သက်လူမျိုးတို့ အိုးလုပ်ပါတယ်။ နောက်ကမ်းယံလူမျိုးကတော့ မကျန်တော့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ယူဆတာကတော့ ဒီကမ်းယံကနေ ကယားများဖြစ်သွားသလား လို့ယူဆပါတယ်။ ဒါပေမယ့်လို့ အထောက်အထားတော့ မတွေ့ရပါဘူး။ လက်ရှိမြန်မာနိုင်ငံမှာ လူမျိုး ၁၃၅ မျိုးရှိတယ်လို့ မှတ်သားရပါတယ်။ မြန်မာနိုင်ငံမှာ အပုဆုံးလူမျိုးဖြစ်တဲ့

မြန်မာပြည်မြောက်ဖျားမှာ ထရုန်လူမျိုးများက မြန်မာပြည်မြောက်ဖျားမှာ ရှိပါသေးတယ်။ သူလည်း လေးငါးဆယ်လောက်ရှိပါတော့တယ်။ မြန်မာနိုင်ငံမှာ အရပ်အမြင့်ဆုံးဖြစ်တဲ့ အိန်းလူမျိုးများကလည်း ရှမ်းပြည်(မြောက်ပိုင်း)မှာ ရှိပါတယ်။ သူကလည်း တော်တော့်ကို နည်းသွားပါတယ်။ အဆိုပါ ထရုန် လူမျိုးနှင့် အိန်းလူမျိုးများတို့မှာ ယခုအခါမှာ အနည်းငယ်သာကျန်တော့လို့ ရှားပါးလူမျိုးများဖြစ် သဖြင့် ရေရှည်တည်တံ့အောင်မည်ကဲ့သို့ ဆောင်ရွက်ထားရှိမည်ကို သိရှိလိုပါကြောင်း အလားတူပဲ မြို့တို့ဘာတို့ ရခိုင်ပြည်နယ်မှာရှိတဲ့ အခြားသောလူနည်းစုများကိုလည်း ဘယ်လိုမည်ကဲ့သို့ ဆောင်ရွက် ထားရှိမည်ကို ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းမယ်ဆိုတာကို သိလိုသည်နှင့် စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီး၊ ပုဂံ/ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် မေးမြန်း သည့်မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ထရုန်နှင့် အိန်းလူမျိုးနှင့်ပတ်သက်ပြီး ထရုန်လူမျိုးများသည် ကချင်ပြည်နယ်၏ မြောက်စွန်းဒေသဖြစ်သော ပူတာအိုခရိုင်အတွင်းရှိ နောင်မွန်းမြို့နယ်တွင် ရဝမ်၊ လီဆူး၊ ဂျိန်းဖော့၊ တိဗက်တို့နှင့်အတူ ထရုန်တိုင်းရင်းသား အနည်းငယ်တို့ နေထိုင်ကြပါတယ်။ ၎င်းတိုင်းရင်းသားများသည် တိဗက်မြန်မာ (Tibeto Myanmar) လူမျိုးအုပ်စုဝင်များဖြစ်ပြီးတော့ အာရှတိုက်အလယ်ပိုင်းကုန်းမြင့် မြေပြန့်ဒေသနှင့် တရုတ်ပြည်အနောက်ဘက်ရှိ ယန်စီမြစ်နှင့် ဟိုဟန် ဟိုမြစ်အမည်ရှိ မြစ်နှစ်သွယ် မြစ်ဖျားခံရာဒေသမှ တောင်ဘက်သို့ တရွေ့ရွေ့ပြောင်းရွှေ့ နေထိုင် လာကြရာ မြန်မာပြည်သို့ ရောက်ရှိလာပြီး နေရာဒေသကိုလိုက်၍ မျိုးတူစုများ(Tribes) ဖြစ်လာကြ ပါတယ်။

ရဝမ်တိုင်းရင်းသားများသည် မေခမြစ်ဖျား၊ အဒွန်လောင်မြစ်ဝှမ်းဒေသ၊ ဆန်ခူးလောင်မြစ်ဝှမ်း နှင့် ထရုန်မြစ်ဖျားမြစ်ဝှမ်းဒေသများတွင် နေထိုင်ခဲ့ကြရာ တဖြည်းဖြည်းတောင်ဘက်သို့ ရွှေ့ပြောင်း နေထိုင်ပြီး ခေါင်လန်ဖူး၊ မချမ်းဘော၊ ဆွမ်ပရာဘွမ် တြိဂံဒေသနှင့် ခန္တီးလွင်ပြင်အထိ ရောက်ရှိနေထိုင်

လျက်ရှိကြပါတယ်။ ထရုန်တိုင်းရင်းသားများမှာ ရဝမ်မျိုးနွယ်စုဝင်များဖြစ်ပြီး မူရင်းဒေသမှာလည်း တရုတ်ပြည် ထရုန်မြစ်ဝှမ်းဒေသ ဖြစ်ပါတယ်။ ယင်းထရုန်မြစ်ဝှမ်းဒေသမှ ယခု တရုတ်-မြန်မာ ကျောက်တိုင်အမှတ် ၄၃ ၏အထက်နားရှိ ထလာတောင်ကြားမှ ထလာချောင်းအတိုင်း ဆင်းလာပြီး ယခုနေထိုင်ရာ အရွှန်ဒမ်းဒေသတွင် အခြေချနေထိုင်လာခြင်း ဖြစ်ပါတယ်။ ခရောင်းကျေးရွာသည် အဒွန်လောင်ချောင်း၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ထလုနှင့် ထရုန်တိုင်းရင်းသားနှင့် တိဗက် လူမျိုးအချို့နေထိုင်ကြပါတယ်။ ခရောင်းကျေးရွာသည် နောင်မွန်းမြို့နယ်ရှိ ပန်နန်းဒင်မြို့နယ်ခွဲအတွင်း မှာတည်ရှိပါတယ်။ ပန်နန်းဒင်မှ မေခမြစ်တစ်လျှောက်သွားလျှင် ၅၅ မိုင်အကွာတွင် တည်ရှိပါတယ်။ ခရောင်းဟူသော အဓိပ္ပာယ်မှာ ထရုန်ဘာသာစကားဖြင့် ရွာဟု အဓိပ္ပာယ်ရပါတယ်။ ရွာအမည်ကို ကြည့်ခြင်းအားဖြင့် ရှေးယခင်က ခရောင်းကျေးရွာမှာ ထရုန်တိုင်းရင်းသားများ ကြီးစိုးကြောင်း သိနိုင်ပါတယ်။ နောက်ပိုင်းမှာ လူဦးရေ ပိုများသော ထလုများ နေရာယူလာကြပြီး ထလုမျိုးနွယ်စု တစ်ခုဖြစ်သည့် အရွှန်ဒမ်းမျိုးနွယ်မှ အကြီးအကဲဖြစ်လာကာ အရွှန်ဒမ်းရွာဟု ခေါ်လာကြောင်း သိရပါ တယ်။ ထရုန်မြစ်ဝှမ်း အထက်ပိုင်းဒေသမှာ ပေါက်ဖွားနေထိုင်ကြသည်ကို အစွဲပြုပြီး ထရုန်တိုင်းရင်း သားများဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်။

ရဝမ်ဘာသာစကားဖြင့် မြစ်ဖျားဒေသတွင် နေထိုင်သူဟု အဓိပ္ပာယ်ရပါတယ်။ ယင်းဒေသတွင် နေထိုင်လျက်ရှိတဲ့ လူမျိုးများမှာ လူပုများအပြင် သာမန်အရပ်အမောင်းရှိသူများကိုလည်း တွေ့နိုင် ကြောင်း သိရပါတယ်။ ယခုအခါ မြန်မာပြည်ရှိ အချို့သော ထရုန်တိုင်းရင်းသားများသာ လူပုများ ဖြစ် နေကြပါတယ်။ ယခင်ထရုန်တိုင်းရင်းသားများသည် ကျောက်ဂူကြီးများနှင့် တောနက်ကြီးများတွင်သာ နေထိုင်ခဲ့ကြကြောင်း သိရှိရပါတယ်။ နောင်မွန်းမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စု များအနက် ထရုန်တိုင်းရင်းသားမျိုးနွယ်စုမှာ လူဦးရေ အနည်းဆုံး ဖြစ်ပါတယ်။ ထရုန်တိုင်းရင်းသား စစ်စစ်မှာငါးဦးရှိပြီး လွမ်ဒန်းမျိုးနွယ်လေးဦး၊ ဆုန်ဒန်းမျိုးနွယ်တစ်ဦး ရှိပါတယ်။ ထိုကျန်ရစ်တဲ့ အစစ်ငါးဦးမှာ အရပ်ပုသူများ ဖြစ်ကြပါတယ်။ ပျမ်းမျှအားဖြင့် ၄ ပေမှ ၄ ပေခွဲအတွင်း ရှိကြပါတယ်။ ထိုအကြောင်းကြောင့်ပင် အများအမြင်တွင် မပုလျှင် ထရုန်မဟုတ်ဟု ယူဆလာကြသောကြောင့် ဖြစ် ပါတယ်။ ထိုပြဿနာအတွက် အဖြေရှာရန် လိုအပ်ခြင်းနှင့် ရှားပါးပြီး လူသိနည်းလှသော ထရုန် တိုင်းရင်းသားတို့၏ နေထိုင်မှုစရိုက်လက္ခဏာနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို မြန်မာပြည် အတွင်းရှိ အခြားသော တိုင်းရင်းသားများနှင့် ကမ္ဘာကသိရှိနားလည်နိုင်စေရန်အတွက် မနုဿဗေဒ ရှုထောင့်မှ သုတေသနပြုရန် လိုအပ်လျက်ရှိပါတယ်။

**မူကြမ်း**

ထို့အပြင် ထရုန်တိုင်းရင်းသားများ မပျောက်ကွယ်စေရေး(Vanishing) နှင့် ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒဌာနမှ ၂၀၀၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော တိုင်းရင်းသားများဆိုင်ရာ သုတေသနတွေ့ရှိချက်မှာ Genuine Taron မောင်နှမလေးယောက်နှင့် အသက် ၁၀၀ ကျော် အမျိုးသမီးတစ်ဦး စုစုပေါင်း Genuine Taron ငါးယောက်ကျန်ရှိခြင်း၊ ထရုန်ယောက်ျားလေးနှင့် ထလုမိန်းကလေး၊ တိဗက်မိန်းကလေးများနှင့် လက်ထပ်ပြီး ဆွေမျိုးတော်စပ်ရခြင်းစနစ် (Patrilineal Kinship System) အရ မိမိကိုယ်မိမိ ထရုန်တိုင်းရင်းသားအဖြစ် ခံယူထားသော မိသားစု ၁၃ စုသာ ကျန်ရှိခြင်း၊ ၎င်းတိုင်းရင်းသားများ၏ ဓလေ့ထုံးစံအရ မျိုးနွယ်တူသူအချင်းချင်းလက်ထပ်ခြင်းကို တားမြစ်ထားခြင်းနှင့် လွမ်းဒမ်းမျိုးနွယ်မှ အမျိုးသားတစ်ဦးနဲ့ ကိုဒါဝီနှင့် ဆုန်ဒမ်းမျိုးနွယ်မှ အသက် ၁၀၀ ကျော် အမျိုးသမီးတစ်ဦးသာ ကျန်ရှိတော့သဖြင့် မျိုးဆက်ပြန့်ပွားရန်မှာ မဖြစ်နိုင်တော့ကြောင်း၊ ထလုတိုင်းရင်းသားများနှင့် ရောနှောပြီး ဆွေမျိုးတော်စပ်ရခြင်းစနစ်အရ မိမိတို့ကိုယ်ကို ထရုန်တိုင်းရင်းသားအဖြစ် ခံယူထားသော ထရုန်/ထလုသွေးစပ်မိသားစု ၁၃ စု သည်လည်း ဓလေ့ထုံးစံအရ လက်ထပ်မှု စည်းကမ်းများ သတ်မှတ်ထားခြင်းကြောင့် တိပ်မြုပ်ပျောက်ကွယ်မှု ဆက်လက်ဖြစ်ပွားနိုင်ပါသဖြင့် အချိန်မီပညာပေးရန် လိုအပ်လျက်ရှိကြောင်း တင်ပြထားပါတယ်။

အိန်းလူမျိုးများနှင့်စပ်လျဉ်းတဲ့ မနုဿဗေဒဘာသာရပ်ဆိုင်ရာ သုတေသနများ ပြုလုပ်ခဲ့ခြင်း မရှိသေးပါ။ အိန်းလူမျိုးများ မြန်မာနိုင်ငံတွင် အရပ်အရှည်ဆုံးကို မသိကြပါ။ သို့ဖြစ်ပါ၍ အိန်းလူမျိုးများနှင့်စပ်လျဉ်းသော အချက်အလက်များကို တင်ပြနိုင်ခြင်းမရှိပါ။

ထရုန်လူမျိုး ပျောက်ကွယ်သွားခြင်း မရှိအောင်၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးကိစ္စမှာ ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ကိစ္စ မဟုတ်ပါဘူးခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အစိုးရများက ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ယူဆပါတယ်။ ဤထရုန်လူမျိုးစုနှင့် အိန်းလူမျိုးတို့ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ထိုလူမျိုးစုတို့ ကျန်းမာရေးကောင်းမွန်အောင်၊ ဖွား/သေနှုန်းနည်းပါးအောင်၊ ကလေးလူငယ်များ အသေအပျောက်နည်းပါးအောင်၊ မိခင်နှင့် ကလေးကျန်းမာရေး တိုးတက်ကောင်းမွန်အောင်၊ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရပါမယ်။

လူမျိုးဟာ နည်းလွန်းလာလျှင် တဖြည်းဖြည်းရောပြီး ပျောက်ကွယ်သွားတတ်ပါတယ်။ တစ်ခါတစ်ရံ အသုံးအနှုန်းပေါ်မူတည်၍လည်း ပျောက်ကွယ်တတ်ပါတယ်။ မြန်မာနိုင်ငံမှာ အချို့တိုင်းရင်း

သားများက အိမ်နီးချင်းအခြားလူမျိုးများနှင့် အိမ်ထောင်မပြုသော်လည်း အချို့ကမူ နီးစပ်မှုသဘာဝ၊ အလေးမထားမှု သဘာဝအရ လက်ထပ်ကြတာကို တွေ့ရပါတယ်။

ပျူလူမျိုးများကလည်းပဲ ဗမာဖြစ်လာသည်ဟူသော အယူအဆများ၊ တိဗက်တိုဘားမင်းဟု အသုံးအနှုန်းရှိပါလျက် ဗမာများကို နောက်ကျတိုင်းရင်းသားလို့ ကောက်ချက်ချဆွဲတဲ့အယူအဆများဟာ လူမျိုးနှင့် ယဉ်ကျေးမှုခွဲခြားခြင်းဟာ ပြည်ထောင်စုမြန်မာနိုင်ငံသားစိတ်ဓာတ်ကို အားနည်းစေပါတယ်။

ထို့အပြင် တိုင်းရင်းသားလူမျိုးများရဲ့ သွေးသားနှင့် မနုဿဗေဒဖွဲ့စည်းမှု၊ ယဉ်ကျေးမှုကို အကြောင်းပြုပြီး ထိန်းသိမ်းမြှင့်တင်ခြင်းကို သက်ဆိုင်ရာပြည်နယ်အစိုးရများက စာပေနှင့် ယဉ်ကျေးမှုအသင်းများကို ပုဂ္ဂလိကလူမှုလုပ်ငန်းရှင်များ၏ ရန်ပုံငွေအကူအညီဖြင့် ထိန်းသိမ်းဆောင်ရွက်သင့်ပါတယ်။ ပုဂ္ဂလိကစီးပွားရေးပြရုပ်အဖြစ် ကမ္ဘာလှည့်ခရီးသွားများကို ပြသခြင်း၊ မိမိပရောဂဖြင့် နေထိုင်ရွှေ့ပြောင်း အခြေချစေခြင်းများကို တားမြစ်သင့်တယ်လို့ ဥပဒေအဆင့်မထုတ်ပြန်နိုင်ပါကလည်း ညွှန်ကြားချက်ထုတ်၍ တားမြစ်သင့်ပါတယ်။ ဥပမာ-ပဒေါင်များကို ခရီးသွားပြကွက်အဖြစ် ရွှေ့ပြောင်းနေထိုင်ရန်ချထားခြင်း၊ ထရုန်များကို ခရီးသွားပြကွက်အဖြစ် ပြောင်းရွှေ့နေရာချထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်နှင့် အစိုးရအဖွဲ့များက ပူးပေါင်းတားမြစ်သင့်ပါတယ်ခင်ဗျား။

ဒါပေမယ့် ယခုဆွေးနွေးချက်ပါ လူမျိုးများရဲ့ နောက်ဆုံးလက်ကျန်အရေအတွက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက သုတေသနစာရင်းပြုကောက်ယူပြီး ကျန်းမာကြံ့ခိုင်အောင် အားပေးနိုင်ပါတယ်။ မြန်မာနိုင်ငံတိုင်းရင်းသားများနှင့် လက်ထပ်၍လည်းကောင်း၊ အခြားဌင်းတို့ ယုံကြည်မှုအရ အိမ်ထောင်ပြု၍လည်းကောင်း၊ ကုန်ထုတ်လုပ်မှုနှင့် မျိုးဆက်ထုတ်လုပ်မှုရှိမှသာ လူ့လောကတွင် သဘာဝကျစွာ နေထိုင်နိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားအားလုံးသည် တရွေ့ရွေ့ပြောင်းလဲခြင်း ဖြစ်စဉ်သဘောအရ လျော့နည်းပျောက်ကွယ်မသွားအောင် ဒေသအသီးသီးတွင် နေထိုင်တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဦးဆောင်ပုဂ္ဂိုလ်များဖြင့် အသိပညာပေး ဆောင်ရွက်သွားရန် သင့်ပါကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့တွင် Day Care Centre ထပ်မံဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းမူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်မဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မအနေနဲ့ အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်မှာ သက်ကြီးရွယ်အိုများအတွက် အထောက်အပံ့ဖြစ်စေရန် Day Care Centre များဖွင့်လှစ်လျက်ရှိပါတယ်။ ၎င်း Centre များဟာလည်း အောင်မြင်မှုများစွာရရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ဤကဲ့သို့သော Day Care Centreများကို ရန်ကုန်မြို့မှာရှိသော အခြားခရိုင် ၃ ခရိုင်မှာ ထပ်မံဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့် မဖွင့်လှစ်နိုင်သည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင့်။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းထားမှုနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျွန်မဒေါ်စုစုလှိုင်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာတို့ရဲ့ ထုံးတမ်းစဉ်လာနှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ သက်ကြီးရွယ်အို အိမ်မှာရှိခြင်းသည် မင်္ဂလာရှိခြင်း၊ အားကိုးအားထားမှုအပြည့်နှင့် လူမှုဘဝနယ်ပယ်တွင်ယုံကြည်မှုအပြည့်ရှိခြင်း၊ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းဖြင့် ကုသိုလ်ယူနိုင်ခြင်းကြောင့် တန်ဖိုးထားမှုတွင် အခြားသော တိုင်းပြည်များထက် သာလွန်မှုရှိကြောင်းတွေ့ရပါတယ်။

လက်ရှိအခြေအနေအရ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို မိသားစုစောင့်ရှောက်မှုပုံစံဖြင့် စောင့်ရှောက်ပေးလျက်ရှိပြီး ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးရာတွင် ရိပ်သာ အခြေပြုစောင့်ရှောက်ရေးလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ် ထားတဲ့ ဘိုးဘွားရိပ်သာများအား အသိအမှတ်ပြု၍ ပထမအဆင့်တွင် လူတစ်ဦးတစ်နှစ်လျှင် ဆန်ဖိုးငွေ ၃၀၀၀၀၊ ဒုတိယအဆင့်တွင် ဆန်ဖိုးငွေအပြင် စားစရိတ် ၃၀၀၀၀ နှင့် ဝတ်စရိတ် ၁၃၀၀၀ ကို လည်းကောင်း၊ တတိယအဆင့်တွင် ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စရိတ်အပြင် ဂေဟာမှူးလစာ ၃၆၀၀၀၀ ကိုထောက်ပံ့ပေးလျက်ရှိပါတယ်။ ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းအဖြစ် ၂၀၀၄ ခုနှစ်မှစ၍ နိုင်ငံတကာစောင့်ရှောက်မှုနည်းလမ်းဖြစ်သော စေတနာ့ဝန်ထမ်း အခြေခံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း Home Care for Older People နဲ့ အသက်အရွယ်ကြီးမြင့်ပြီး လုပ်ကိုင်နိုင်စွမ်းရှိတဲ့ သက်ကြီးရွယ်အိုများအတွက် မိတ်ဖက်အဖွဲ့အစည်း များနှင့်ပူးပေါင်းကာ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ Older People Self-Help Groups ကို မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ် နှင့်မွန်ပြည်နယ်တို့မှာ ဆောင်ရွက်လျက်ရှိပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန သည် နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ပုံစံတစ်ခုဖြစ်တဲ့ သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ Day Care Centre for the Aged ကို ၂၀-၁၁-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့မှာဖွင့်လှစ်ပြီး အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးလျက်ရှိ ပါတယ်။ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်ရခြင်းရဲ့ရည်ရွယ်ချက်ဟာ လူမှုရေးအရ စောင့်ရှောက်မှုပေးရန် လိုအပ်တဲ့ သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် နေ့ပိုင်းစောင့်ရှောက်ရေး အစီအစဉ်ကို သက်ကြီး ရွယ်အို နေ့ပိုင်းစောင့်ရှောက်လုပ်ငန်းကို ဆောင်ရွက်လိုတဲ့ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် စံနမူနာဖြစ်ရန် ဖြစ်ပါတယ်။ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် လူမှုရေး စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ပေးခြင်း၊ အပန်းဖြေ အနားယူနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ဘဝတသက်တာ ပညာလေ့လာ

စေခြင်း၊ သက်ကြီးဘဝ ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခပြည့်စုံစွာနဲ့ နေထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ အာဟာရကျွေးမွေးခြင်း အစီအစဉ်များဖြင့် စောင့်ရှောက်မှုပေးလျက်ရှိရာ လက်ရှိဘိုးဘွားဦးရေ ၁၂၅ ဦးကို စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ရန်ကုန်မြို့၊ အနောက်ပိုင်းခရိုင်ဖြစ်တဲ့ မရမ်းကုန်းမြို့နယ်၊ အမှတ် ၆၄၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်မှာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်မြို့ရှိ အခြားခရိုင် သုံးခုမှ ဘိုးဘွား ၈၅ ဦးကို ဂေဟာသို့ ကားဖြင့် ကြိုပို့ပေးခြင်း၊ ၎င်းတို့အစီအစဉ်ဖြင့် လာရောက်ခြင်းများရှိပါသဖြင့် ရန်ကုန်တစ်မြို့လုံး လွှမ်းခြုံမှုရှိတာကြောင့် ထပ်မံဖွင့်လှစ်ရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်းနှင့် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဖွင့်လှစ်တဲ့ ရည်ရွယ်ချက်ပါအတိုင်း စောင့်ရှောက်မှုပုံစံအား စံနမူနာ ပုံစံအနေဖြင့်သာ ဆောင်ရွက်ထားရှိဖွင့်လှစ်ခြင်းဖြစ်ပြီး ကျန်ရှိနေသော တိုင်းဒေသကြီး/ပြည်နယ်များမှာ ဖွင့်လှစ်ဆောင်ရွက်လိုပါက နည်းပညာနှင့် အထောက်အပံ့အကူအညီများ ပေးအပ်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**မသန်စွမ်းအဖွဲ့အစည်းများ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပါဝင်အကူအညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးယိန်းဘောမ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယိန်းဘောမ်(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အထူးလေ့လာသူ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး လိုအင်ဆန္ဒနှင့်ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်ရေးထားတဲ့ မသန်မစွမ်းသော တစ်ပိုင်းတစ်စလို့ ရေးထားတယ်။ ဒါပေမယ့် ပြည့်ပြည့်စုံစုံပြောမယ်ဆိုလို့ရှိရင် ကိုယ်အင်္ဂါမသန်မစွမ်းသော အဖွဲ့အစည်းများရဲ့ ရေရှည်ဘဝရပ်တည်ရေးနဲ့ ပြန်လည်တည်ထောင်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကနေ့ ကျွန်တော့်တို့ ကချင်ပြည်နယ်မှာရှိကြတဲ့ မြို့နယ်အသီးသီးမှာ အကြောင်း

အမျိုးမျိုးကြောင့် မွေးရာပါ၊ နောက်တစ်ခု မိဘများရဲ့ အားနည်းချက်ပေါ့။ မသိနားမလည်တဲ့ အတွက်ကြောင့်၊ နောက်တစ်ခု စစ်ဘေးစစ်ဒဏ်ကြောင့်၊ အမျိုးမျိုးကြောင့် ကိုယ်အင်္ဂါချို့တဲ့ မသန်မစွမ်း တဲ့ဟာတွေ မြောက်မြားစွာရှိပါတယ်။ အဲ့ဒီထဲက သူတို့ရဲ့ လှုပ်ရှားစည်းရုံးမှုအရ ဆိုလို့ရှိရင် ၂၀၀၇ ခုနှစ်ကမှစ ဒီလုပ်ငန်းကို လှုပ်ရှားဆောင်ရွက်ကြပါတယ်။ ဒါပေမယ့် ထိရောက်အောင်မြင်ဖို့ မရှိခဲ့ပါ။ သို့သော် ၂၀၁၁ ခုနှစ် နောက်ပိုင်းပေါ့။ ကချင်ပြည်နယ် အစိုးရအဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှု၊ ဝန်ဆောင်မှု၊ နောက်တစ်ခါ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်မစွမ်းသော အဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှုနဲ့ ပထမဦးဆုံး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တော်ခန်းမမှာ ပြုလုပ်ကျင်းပတဲ့အစည်း အဝေးမှာ ကျွန်တော်လည်း ပါဝင်တက်ရောက်ခွင့် ရရှိတဲ့အတွက်ကြောင့် ပါဝင်တက်ရောက်လေ့လာ ခွင့်ရရှိခဲ့ပါတယ်။ အဲ့ဒီအစည်းအဝေးမှာ ကိုယ်အင်္ဂါမသန်မစွမ်းတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အသုံးပြုနိုင်ဖို့ အတွက်အသုံးအဆောင်ကိရိယာများ၊ နောက်တစ်ခါ အလှူငွေပေးအပ်ခြင်းအခမ်းအနားကို စည်စည် ကားကားနဲ့ လုပ်ဆောင်ခဲ့ကြပါတယ်။

အဲ့ဒီနောက်ပိုင်းမှာ ဒီကချင်ပြည်နယ်၊ ကိုယ်အင်္ဂါမသန်မစွမ်းတဲ့ အဖွဲ့အစည်းများရဲ့ လုပ်ရှား ဆောင်ရွက်မှုဟာ မြင်သာထင်သာ သက်ဝင်လှုပ်ရှားမှုရှိလာခြင်းကိုတွေ့ရှိရပါတယ်။ အဲ့ဒါကြောင့် ကိုယ်အင်္ဂါမသန်မစွမ်းတဲ့ပုဂ္ဂိုလ်များ အသင်းအဖွဲ့များရဲ့ ရေရှည်ဘဝရပ်တည်ရေးနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး တိုးတက်လာအောင် မိမိတို့အဖွဲ့အစည်းမှာ အင်အား ဘယ်လောက်ရှိသလဲဆိုတော့ ၂၈၉ ယောက်ရှိတယ်ဆိုပြီးတော့မှ တင်ပြဆွေးနွေးကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှာ ပြုလုပ်ကျင်းပတဲ့ အစည်းအဝေး မှာကျတော့ ၃၀၀ ကျော်တယ်လို့ သက်ဆိုင်ရာ ဒီအဖွဲ့အစည်းမှာ တာဝန်ယူကြတဲ့ ကော်မတီလူကြီးများ၊ ဥက္ကဋ္ဌများအနေနဲ့ တင်ပြဆွေးနွေးလာခြင်းလည်း ရှိပါတယ်။ အဲ့တော့ ဒီအသင်းအဖွဲ့ရဲ့လုပ်ငန်း၊ ရုံးခွဲ ပေါ့။ ရုံးခွဲအနေနဲ့တော့ ကျွန်တော်တို့ ဗန်းမော်မှာရှိတယ်။ အလားတူပဲ ကျွန်တော်တို့ မိုးညှင်းမှာ ရှိတယ်။ နောက်တစ်ခါ ဝိုင်းမော်မှာတော့ ကျွန်တော်တို့ရုံးပေါ့။ ဌာနချုပ်အနေနဲ့ ဖွင့်လှစ်ထားတဲ့ ရုံးများမှာ သူတို့ရဲ့ ဒီကိုယ်အင်္ဂါမသန်မစွမ်းတဲ့ ပုဂ္ဂိုလ်များရဲ့ စည်းလုံးညီညွတ်မှု၊ နောက် စိတ်ဓာတ် မြှင့်တင်ရေး မိတ်သဟာရဖွဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါတယ်။ အဲ့ဒီမှာ နောက်ဆုံးပေါ့။ ကျွန်တော်ခုန တင်ပြသွားသလို၊ ဆွေးနွေးသွားသလိုပေါ့။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ပြုလုပ်ကျင်းပတဲ့နေရာမှာ ကချင်ပြည်နယ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြင်ဆင်ရေး ပြန်လည် ထူထောင်ရေးဦးစီးမှူးများနဲ့ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ UN-Habitat မှ ကိုယ်စားလှယ်များလည်း

တက်ရောက်ပြီးမှ အသင်းအဖွဲ့ ကိုယ်စားလှယ်များလည်း တက်ရောက်ပြီးမှ ဆွေးနွေးတဲ့ပွဲမှာ ကျွန်တော်ကို ဘာမှာလိုက်သလဲဆိုတော့၊ ဘာအကူအညီတောင်းလိုက်သလဲဆိုတော့ လွှတ်တော်မှာ ဆွေးနွေးတင်ပြဖို့ အခွင့်အရေးကြုံလာလို့ရှိရင် ဒီကိစ္စလည်း ကျွန်တော်တို့ရဲ့ သိမ်ငယ်သော တကယ် နိမ့်ကျနေတဲ့ဘဝမှာ ခံစားနေကြတဲ့ အဖွဲ့အစည်းများတစ်ရပ်ရဲ့ ရေရှည်ရပ်တည်နိုင်ရေးနဲ့ ဘဝ မြှင့်တင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြပေးပါဆိုပြီး မှာလိုက်တဲ့ အတွက်ကြောင့် ဒီမေးခွန်းကို သယ်ဆောင်လာကာ မေးမြန်းခြင်းဖြစ်ပါတယ်။ အခုလိုမေးမြန်း ဆွေးနွေးခွင့်ရရှိတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ကြောင်းလည်း ပြောကြားလိုပါတယ်။

ဒါ့ကြောင့် ကနေ့ ပြည်ထောင်စုအစိုးရအနေနဲ့ ခုလို ကိုယ်အင်္ဂါမသန်မစွမ်းတဲ့ အဖွဲ့အစည်း များရဲ့ ဘဝရေရှည်ရပ်တည်ရေး၊ နောက်တစ်ခါ စိတ်ဓာတ်မြှင့်တင်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ မည်သည့်အတိုင်းအတာနဲ့ ပါဝင်ကူညီဆောင်ရွက် ပေးမယ်ဆိုတဲ့ဟာတွေကိုလည်း သိရှိလိုပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ အနေနဲ့ ကိုယ်အင်္ဂါမသန်မစွမ်းတဲ့နေရာမှာ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ အကယ်၍ ရှိခဲ့လို့ရှိရင် မည်သည့်အဖွဲ့အစည်းများက တာဝန်ယူ ဆောင်ရွက်ပေးမယ်။ အကယ်၍ မရှိဘူးဆိုလို့ ရှိရင် မည်သည့်အကြောင်းကြောင့်ဆိုတဲ့ဟာတွေကို သိရှိလိုပါ၍ ကိုယ်အင်္ဂါမသန်မစွမ်းသူများရဲ့ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာနဲ့ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘောမ် မေးမြန်းထားရှိတဲ့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် မသန်မစွမ်းသူများ၏ အသင်း အဖွဲ့၏ ပြည်နယ်ရုံးခွဲကို ၂၀၀၇-၂၀၁၀ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့မှ စတင်ရုံးဖွင့်လှစ် လှုပ်ရှား ဆောင်ရွက်လျက်ရှိရာ ယခုလို ဘဝနိမ့်ကျပြီး စိတ်ဓါတ်ရေးရာခံစားနေကြရတဲ့ မသန်မစွမ်းအဖွဲ့ အစည်းများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပါဝင်ကူညီ ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြန်လည်ရှင်းလင်း

**မူကြမ်း**

ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မသန်စွမ်းသူများရဲ့အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ မသန်စွမ်းဖြစ်မှုကြောင့် ခွဲခြားဆက်ဆံခံရမှုများ လျော့နည်းပပျောက်စေရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများအား အလေးထားအသိအမှတ်ပြုမှုများ မြှင့်တင်ပေးရန်၊ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ အပြည့်အဝပါဝင်ခွင့်ရရှိရန်နှင့် မသန်စွမ်းသူများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများကဏ္ဍမြင့်မားရေးအတွက် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို သင်တန်းကျောင်းအခြေပြုနဲ့ ရပ်ရွာအခြေပြု လုပ်ငန်းစဉ်(၂)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းကျောင်းအခြေပြုအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ မသန်စွမ်းကျောင်း ၈ ကျောင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတည်ထောင်ထားတဲ့ မသန်စွမ်းကျောင်း ၁၆ ကျောင်းကို လိုအပ်တဲ့လမ်းညွှန်မှု၊ နည်းပညာများဖြင့် ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါကျောင်းများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မသန်စွမ်းသူများ တက်ရောက်ခွင့်ရရှိရန် သက်ဆိုင်ရာလူမှုဝန်ထမ်းရုံးများက ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် ရပ်ရွာအခြေပြုလုပ်ငန်းစဉ်များဖြစ်တဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အတားအဆီးကင်းတဲ့ ဝန်းကျင်ဖန်တီးရေးတို့ကိုလည်း အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ရွာအခြေပြုလုပ်ငန်းစဉ်အဖြစ် မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့လက်တွဲပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာ ဆောင်ရွက်လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါတယ်။ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းနဲ့အတူ မသန်စွမ်းသူများအား ကိုယ့်အားကိုယ်ကိုး အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် ဖွဲ့စည်းထားတဲ့အဖွဲ့များ ရေရှည်ရပ်တည်နိုင်ရန် လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများအပါအဝင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများအတွက် ဖွင့်လှစ်ထားတဲ့ ပရဟိတဂေဟာ၊ သင်တန်းကျောင်းများအတွက် ဆန်ထောက်ပံ့ကြေး၊ စားစရိတ်၊ ဂေဟာမှုုးလစာတို့ကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်အတွက် ကျပ်သန်းပေါင်း (၆၉.၈)သန်း ထောက်ပံ့ပေးခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအပါအဝင် မသန်စွမ်းခေါင်းဆောင်များ စွမ်းရည်မြင့်မားရေး၊ အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပခြင်း၊ ပြည်ပသင်တန်းများ၊ လေ့လာရေးခရီးစဉ်များ သွားရောက်စေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် အတွင်း ပြည်ပသင်တန်းအဖြစ် မသန်စွမ်းသူများအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၉ ဦးကို စွမ်းရည်မြှင့်သင်တန်းများစေလွှတ်နိုင်ခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေ(မူကြမ်း)ကို မသန်စွမ်းသူများ၏ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ကိုယ်တိုင်ပါဝင်မှုဖြင့် ရေးသားခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းဥပဒေ(မူကြမ်း)တွင် အမျိုးသားအဆင့် မသန်စွမ်းသူများအခွင့်အရေးများကော်မတီ ဖွဲ့စည်းပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့်ကိုလည်း ဆက်လက်ဖွဲ့စည်းမှာဖြစ်သဖြင့် မသန်စွမ်းအဖွဲ့အစည်းများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ဥပဒေအရ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကိုလည်း ထူထောင်မှာဖြစ်ပါသဖြင့် မသန်စွမ်းသူများဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ ထောက်ပံ့မှုများတိုးမြှင့်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့တို့က ရုံးခွဲများဖွင့်လှစ်ထားပြီး ဒေသအတွင်းရှိ မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှာ ရုံးစိုက်ပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ ရုံးခွဲ(၂၂)ခု ဖွင့်လှစ်ထားပါတယ်။ နှစ်စဉ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားများကို တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများ ပူးပေါင်းကျင်းပခြင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများကောင်စီတွင် အသင်းဝင်များက အမှုဆောင်များအဖြစ် ရွေးချယ်တင်မြှောက်ခံခြင်း၊ ခြေတု၊ လက်တုနဲ့ အထောက်အကူပစ္စည်းများကို ရုံးခွဲများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခြင်း၊ ကျန်းမာရေး၊ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းတို့ကို

လူမှုဝန်ထမ်းဦးစီးဌာနနဲ့အတူ လက်တွဲဆောင်ရွက်နေတဲ့ အသင်းကြီးဖြစ်ပါတယ်။ ကချင်ပြည်နယ် အတွင်း ဝိုင်းမော်မြို့နယ်နဲ့ မိုးမောက်မြို့နယ်တို့မှာ ရုံးခွဲများဖွင့်လှစ်ထားပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ဝိုင်းမော်မြို့နယ်မှ မသန်စွမ်းကျောင်းသား ကျောင်းသူ ၁၃ ဦးအတွက် ပညာသင်စရိတ် ကျပ် ၁၃၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါ့အပြင် ခြေတု၊ လက်တုနဲ့ ရွှေ့လျားမှုအထောက်အကူပစ္စည်းများပံ့ပိုးခြင်း၊ အခြားအသင်းအဖွဲ့များနဲ့ ပူးပေါင်းပြီး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ်မှာ ကိုယ်အင်္ဂါမသန်စွမ်းသူများ စောင့်ရှောက်ရေးကော်မတီကို ၄-၁-၂၀၀၇ ရက်နေ့တွင် စတင်ဖွဲ့စည်းကာ ကနဦးစာရင်းကောက်ယူမှုအရ ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၀၄ ဦး ရှိပါတယ်။ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း(ရုံးခွဲ)သည် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများမှ ကူညီထောက်ပံ့တဲ့ အလှူငွေများနဲ့ မသန်စွမ်းသူများကို အသက်မွေးဝမ်းကျောင်းပြုသင်တန်းများစေလွှတ်ခြင်း၊ ကျောင်းနေ မသန်စွမ်းကလေးများသို့ ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ သာရေးနာရေးကိစ္စရပ်များတွင် ထောက်ပံ့ပေးလျက် ရှိပါတယ်။

ကချင်ပြည်နယ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများ စိတ်ဓာတ်တိုးမြှင့်ရန် ရည်ရွယ်၍ ဘဝရေရှည်ရပ်တည်သွားနိုင်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပင်ကိုယ်ဗီဇ စွမ်းရည်များ မြှင့်တင်ဖော်ထုတ်နိုင်ရန်အတွက် အလုပ်ရုံများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ပြည်တွင်းပြည်ပ မသန်စွမ်းအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ထူးချွန်တဲ့ အားကစားသမားများ ပေါ်ထွန်းလာစေရေး၊ အားကစားသင်တန်းပို့ချနိုင်ရေးအတွက် နီးစပ်ရာအားကစားကွင်းတွေမှာ လေ့ကျင့်စေခြင်း၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေးသင်တန်း၊ ဆွေးနွေးပွဲများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ကုလသမဂ္ဂ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အရ ကိုယ်အင်္ဂါမသန်စွမ်းသူများကို တန်းတူအခွင့်အရေးရရှိရေး၊ လုံခြုံမှုနှင့် လွတ်လပ်ခွင့်ရရှိစေရေး၊ လူသားမဆန်တဲ့ပြုမူခြင်းမှ ကင်းလွတ်စေရေး၊ လူ့သိက္ခာအကာအကွယ် ပေးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေး စသည်တို့ကို သက်ဆိုင်ရာဌာနများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများနှင့်ပေါင်းစပ်ညှိနှိုင်းကာ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်စေခြင်းဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူများရဲ့ ဘဝစိတ်ဓာတ်များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် မသန်စွမ်းသူများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်မှုများအပြင် မသန်စွမ်းသူများရဲ့အခွင့်အရေးများဥပဒေ ပြဋ္ဌာန်းပြီးပါက ကချင်ပြည်နယ်အတွင်းသာမက မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မသန်စွမ်းသူများရဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၁း၃၀။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မိမိနိုင်ငံနှင့်အာဆီယံနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများတန်ဖိုးနိုင်းယှဉ်ဖော်ပြချက်အား သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား၊ ရေဒီယိုများမှ ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရှမ်းပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရှမ်းပြည်သာမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်

တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရသစ်ပေါ်ထွန်းလာတဲ့နောက်ပိုင်းမှာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြောင်းလဲတိုးတက်လာမှုကို အားလုံးတွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့အပတ်က မေးခွန်းတွေမှာ နိုင်ငံတော်အစိုးရအားကောင်းဖို့၊ အသင်းအဖွဲ့တွေဝင်ရောက်ဖို့အတွက် OGP ဝင်ရောက်ဖို့၊ Clean Government ဖြစ်ဖို့အတွက် Procurement Law ထုတ်ပြန်ကြေညာပေးဖို့ မေးခွန်းများမေးမြန်းခဲ့ပါတယ်။ ဒါကိုလည်း အစိုးရအဖွဲ့ရဲ့အဖြေများကို ရရှိပြီးဖြစ်ပါတယ်။ ဒီနေ့ မေးမြန်းမယ့်မေးခွန်းကတော့ ဒီမိုကရေစီနိုင်ငံထူထောင်တဲ့အခါမှာ အဓိကကျတဲ့ ပြည်သူလူထုရဲ့ Mind Set ပြောင်းလဲဖို့ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တာဝန်ရှိတဲ့ အစိုးရအဖွဲ့အနေနဲ့ ပြည်သူကို သတင်းအမှန်ပေးမှသာလျှင် ပြည်သူဟာ အသိမှန်မယ်၊ အတွေးမှန်မယ်၊ အလုပ်တွေမှန်မှာဖြစ်ပါတယ်။ ယနေ့ရောက်ရှိနေတဲ့အနေအထားအရ ပြည်သူကို သတင်းမပေးနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်သူလူထုရဲ့အတွေးအခေါ်၊ အယူအဆတွေ ပြောင်းလဲပေးလို့မရတာကိုလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ပတ်သက်တဲ့ သတင်းအချက်အလက်အချို့ကို သက်ဆိုင်ရာအစိုးရအဖွဲ့က တာဝန်ရှိတဲ့ဌာနအနေနဲ့ ပြည်သူလူထုကို ထဲထဲဝင်ဝင်ပေးဖို့လိုပါတယ်။ ရုပ်မြင်သံကြား၊ ဂျာနယ်၊ သတင်းစာ ဒါတွေကိုလည်း ဦးဆောင်မှုပေးဖို့လိုပါတယ်။ နိုင်ငံရေးကဏ္ဍမှာတင်ပြရရင် ယနေ့ ပြည်သူအတွင်းမှာဖြစ်ပေါ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒါနှင့်ပတ်သက်လို့ ဘယ်ဂျာနယ်၊ ဘယ်သတင်းဌာနမှ အသေးစိတ်ဖော်ပြပေးတာကို လေ့လာတွေ့ရှိရခြင်းမရှိပါဘူး။

အလားတူပဲ ယနေ့ပြောနေတဲ့ ရွေးကောက်ပွဲစနစ် ဒါကိုပြည်သူတွေနားလည်အောင် ဘယ်လိုဖန်တီးပေးမလဲ။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဒါ ကျွန်တော် ဥပမာ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဒါနဲ့ပတ်သက်နေတဲ့စီးပွားရေးကဏ္ဍမေးခွန်းဖြစ်ပါတယ်။ ယနေ့ နိုင်ငံတကာမှာ စီးပွားရေးဟာ နိုင်ငံရေးနှင့် ဆက်နွှယ်နေပါတယ်။ စီးပွားရေးတိုးတက်မှ နိုင်ငံတော်တိုးတက်မှာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့် ရွှေဈေးတွေ၊ စက်သုံးဆီဈေးတွေ၊ ဆန်ဈေးတွေ စသဖြင့် ကျဆင်းနေပြီဖြစ်ပါတယ်။ သို့သော် ပြည်သူရဲ့အသိတရားမှာ သတင်းအမှန်မပေးနိုင်တဲ့အတွက်ကြောင့် နိုင်ငံအတွင်းမှာ စီးပွားရေးတွေ ကြပ်တည်းနေတယ်။ ကုန်ဈေးနှုန်းတွေတိုးတက်နေတယ်။ ကုန်ဈေးနှုန်းတွေမကျဘူးစသဖြင့် ဒါတွေဟာ နေ့စဉ်ကြားသိနေရတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ဘက်ကနေပြီးတော့ ပြည်သူလူထုကို အာဆီယံနိုင်ငံ

များနှင့် ချိန်ထိုးပြီးသော်လည်းကောင်း၊ ကမ္ဘာအတွင်းမှာရှိတဲ့ နိုင်ငံကြီးများနှင့်ချိန်ထိုးပြီးသော်လည်းကောင်း နိုင်ငံရဲ့ဈေးနှုန်းကို ပြည်သူသိအောင် နေ့စဉ်ရှင်းပြနိုင်ရင် နိုင်ငံရေးအတွက် အထောက်အကူဖြစ်မယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်များသည် နိုင်ငံရေးနှင့် ဆက်နွယ်နေလျက်ရှိသည်ဖြစ်ရာ နိုင်ငံတော်အတွင်း ပြည်သူအများစု အသုံးပြုလျက်ရှိသော စားသောက်ကုန်၊ လူသုံးကုန်ဈေးနှုန်းများနှင့် အာဆီယံနိုင်ငံအတွင်းနဲ့ အိမ်နီးချင်းနိုင်ငံများမှာ ဖြစ်ပေါ်နေတဲ့ဈေးနှုန်းများကို နှိုင်းယှဉ်ဖော်ပြချက်တွေကို ပြည်သူတွေ သိရှိစေခြင်းအားဖြင့် မိမိနိုင်ငံအတွင်း မှာဖြစ်ပေါ်နေတာတွေ အနည်းအများလေ့လာသုံးသပ်သိရှိနိုင်ပြီးတော့ နိုင်ငံတော်တည်ငြိမ်မှုအတွက် တစ်ဖက်တစ်လမ်းကနေပြီးတော့ အကျိုးကျေးဇူးရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိနိုင်ငံနှင့်အာဆီယံနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများရဲ့ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ တန်ဖိုးနှိုင်းယှဉ်ဖော်ပြချက်တွေကို နေ့စဉ် သို့မဟုတ် အပတ်စဉ် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကနေပြီးတော့ သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား၊ ရေဒီယိုတွေကနေ ထုတ်လွှင့်ပေးဖို့အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်း ကုန်ဈေးနှုန်းသတင်းများကို ပြည်သူများသိရှိနိုင်ရန်အတွက် ကုန်စည်ဒိုင်များရဲ့ နေ့စဉ်ကုန်ဈေးနှုန်း သတင်းထုတ်ပြန်မှုကို မန္တလေး FM၊ ချယ်ရီ FM တို့က ထုတ်လွှင့် ပေးလျက်ရှိပါတယ်။ ဒါ့အပြင် Sky Net ရုပ်သံလိုင်းကလည်း ရွှေဈေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်း အပါအဝင် ဈေးနှုန်းများကို စာတန်းထိုးပြီးတော့မှ ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါတယ်။ မြန်မာ့အသံနှင့်ရုပ်မြင်

သံကြား တောင်သူလယ်သမားရုပ်သံလိုင်းကလည်း ပြည်တွင်း၊ ပြည်ပကုန်စျေးနှုန်း သတင်းအချက်အလက်များကို အခါအားလျော်စွာ ထုတ်လွှင့်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ဆန်၊ ဆီ၊ သား၊ ငါး အပါအဝင် အခြေခံစားသောက်ကုန်စျေးနှုန်းသတင်းအချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ မြို့ကြီးများက နေ့စဉ်သတင်းရယူပြီး ရရှိတဲ့သတင်းအချက်အလက်အပေါ် စိစစ်သုံးသပ်၍ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် အခြေခံစားသောက်ကုန်အပါအဝင် ကုန်စျေးနှုန်းများ တည်ငြိမ်စေရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဎင်းအပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ စားသောက်ကုန်နှင့်လူသုံးကုန်စျေးနှုန်းများကို အပတ်စဉ်ထုတ်ဝေတဲ့ Commerce Journal မှာလည်းပဲ စျေးကွက်သတင်းများအဖြစ် ဖော်ပြပေးလျက်ရှိသလိုဝန်ကြီးဌာနရဲ့ Website ဖြစ်တဲ့ www.commerce.gov.mm မှာလည်းပဲ ဖော်ပြပေးလျက်ရှိကြောင်း၊ trade.gov.mm website တစ်ခုကို ထူထောင်ပြီး နေ့စဉ်ပြည်တွင်းမှာ ဖြစ်ပေါ်နေတဲ့ကုန်စည်စျေးနှုန်းများ၊ ပြည်ပမှာဖြစ်ပေါ်နေတဲ့ စျေးနှုန်းများကို အများပြည်သူသိရှိနိုင်ရန် စီမံဆောင်ရွက်ထားပါကြောင်း၊ တောင်သူလယ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူများအပါအဝင် စျေးကွက်စျေးနှုန်းနဲ့ဆက်စပ်သူများအားလုံး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အလွယ်တကူသိရှိနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပပေါက်စျေးနှင့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးမယ့်အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့အသံ(ရေဒီယို)မှာ ကုန်စျေးနှုန်းနှင့် ငွေကြေးစျေးနှုန်းသတင်းများကိုစနေ၊ တနင်္ဂနွေနေ့များမှအပ ကျန်ငါးရက်မှာ နေ့စဉ် မွန်းလွဲ ၃ နာရီအချိန်တွင် ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ပြောင်းလဲမှုရှိနိုင်တဲ့ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းစျေးနှုန်းများကို ဖော်ပြရာမှာ တိကျခိုင်မာတဲ့ သတင်းအရင်းအမြစ်များမှ ရရှိရန်လိုအပ်သဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အချက်အလက်များကို နေ့စဉ် သို့မဟုတ် အပတ်စဉ်ရယူ၍ မြန်မာ့အသံအနေနဲ့ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်း၊ စာတန်းပြေးဖော်ပြခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဦးတင်မောင်ဦး မေးမြန်းထားတဲ့ တန်ဖိုးနှိုင်းယှဉ်ဖော်ပြချက်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တောင်းခံစုစည်းပြီး မိမိတို့သတင်းစာများမှာ လိုအပ်သလိုထည့်သွင်းဖော်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူများ

သတင်းမှန်၊ ဖြစ်ရပ်မှန်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အများပြည်သူများ သိသင့်သောဥပဒေများကို နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်းခညောင်းပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းရည်ရွယ်ချက်ကတော့ ပြည်သူများဥပဒေကို မသိ၍ ကျူးလွန်ပါသည်ဟုမဖြစ်စေရန်လည်းကောင်း၊ ပြည်သူအများ ဥပဒေကို ဖတ်ရှုသိရှိနားလည်ပါမှ တရားဥပဒေကို ပိုမိုလေးစားလိုက်နာမှုအားကောင်းလာမယ်လို့ ယူဆ၍လည်းကောင်း၊ တရားဥပဒေကို ပိုမိုလေးစားလိုက်နာပြီးတော့ တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန်လည်းကောင်း ရည်ရွယ်ပြီးတော့မှ အများပြည်သူများနဲ့ ထိစပ်မှုအများဆုံးသောဥပဒေ၊ နည်းဥပဒေ၊ တည်ဆဲဥပဒေများကို နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြပေးဖို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသော မေးခွန်းကတော့ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်ချောမောစွာ သွားလာနိုင်ရေးအတွက် တရားဥပဒေစိုးမိုးမှုရှိရန် လိုအပ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိရန် ပြည်သူများ ဥပဒေကို အလွယ်တကူ သိရှိဖတ်ရှုလေ့လာနိုင်ရန် လိုအပ်ပါတယ်ခင်ဗျား။ လူတိုင်းသိရှိလေ့လာနိုင်ရန် လက်ရှိပြဋ္ဌာန်းဥပဒေများထဲကအများပြည်သူသိသင့်သိထိုက်တဲ့ဥပဒေတွေကို နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြပေးပါလျှင် ပြည်သူလူထုမှ ထိုသတင်းစာပါဥပဒေများကို အလွယ်တကူ သိမ်းဆည်းဖတ်ရှုလေ့လာနိုင်ရန် တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စီစဉ်ပေးရန် အစီအစဉ်ရှိ/မရှိ ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေလျက်ရှိတဲ့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့မှာ ပြဋ္ဌာန်းပြီးဥပဒေများထဲက အများပြည်သူများ သိရှိနိုင်စေရန်နှင့် လေ့လာဖတ်ရှုအကြံပြုနိုင်ရန်အတွက် လွှတ်တော်စတင်ကျင်းပချိန်ကနေပြီးတော့မှ ယနေ့အချိန်ထိ ဥပဒေကြမ်း ၇၇ ခုခန့်နှင့် အတည်ပြုပြီးဥပဒေ ၁၀၄ ခုခန့်ကို ဖော်ပြပေးခဲ့ပြီး ဖြစ်ပါတယ်။ နှစ်အလိုက် ဖော်ပြပေးနိုင်မှုနဲ့ပတ်သက်ပြီး ၂၀၁၁ ခုနှစ်မှာ အတည်ပြုပြီးဥပဒေ ၁၅ ခု၊ ၂၀၁၂ ခုနှစ်မှာ ဥပဒေကြမ်း ၁၉ ခု၊ အတည်ပြုပြီးဥပဒေ ၂၈ ခု၊ ၂၀၁၃ ခုနှစ်မှာ ဥပဒေကြမ်း ၂၅ ခု၊ အတည်ပြုပြီးဥပဒေ ၂၈ ခု၊ ၂၀၁၄ ခုနှစ်မှာ ဥပဒေကြမ်း ၃၃ ခုနဲ့ အတည်ပြုပြီးဥပဒေ ၃၃ ခုတို့ကို ဖော်ပြခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်ဆုံးထုတ်ပြန်ပေးထားတဲ့ ဥပဒေကြမ်းနှင့် အတည်ပြုဥပဒေများကို ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၃၁-၇-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာတို့တွင်လည်းကောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၁-၈-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ နိုင်ငံတကာအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေကို ၂-၈-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၃-၉-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင်လည်းကောင်း၊ မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၃-၉-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင်လည်းကောင်း၊ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၂၃-၉-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း ဖော်ပြပေးခဲ့ပြီး ဖြစ်ပါတယ်။

သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး မေးမြန်းတဲ့ ဥပဒေများဖော်ပြရန်ကိစ္စနှင့်ပတ်သက်ပြီး လက်ရှိအစိုးရလက်ထက်မှာ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးတဲ့ ဥပဒေများအားလုံးကို နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြပေးခဲ့ပြီးဖြစ်ပါကြောင်းနဲ့ နောင်တွင်လည်း အတည်ပြုဥပဒေများ

နှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် ဥပဒေများကို သတင်းစာများ၌ ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ထပ်ဆင့်မေးခွန်း မေးခွင့်ပြုပါ။ ကျွန်တော်ဆိုလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်မှာ အတည်ပြုတဲ့မေးခွန်းတွေကတော့ ပြည်သူလူထုသိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိတည်ဆဲဥပဒေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ ကျွန်တော်တို့ မမွေးခင်ကတည်းကလည်း ရှိခဲ့တဲ့ဥပဒေတွေလည်း ရှိပါတယ်။ ဒီဥပဒေတွေထဲမှာ ပြည်သူတွေနဲ့ထိစပ်တဲ့ များသောအားဖြင့် မော်တော်ယာဉ်နဲ့ပတ်သက်တဲ့ဥပဒေတွေ ရှိပါတယ်။ နောက်ကျွန်တော်တို့ လောင်းကစားနဲ့ပတ်သက်တဲ့ ဥပဒေတွေရှိပါတယ်။ မူးယစ်ဆေးနဲ့ပတ်သက်တဲ့ဥပဒေတွေရှိပါတယ်။ ဒါတွေကလည်း ဒီ့ထက်မကသော ဥပဒေများရှိပါတယ်။ ဒါကပြည်သူတွေနဲ့ လက်တွေ့ထိစပ်နေသော ဥပဒေများကို ကျွန်တော်တို့ လေ့လာဖို့အတွက်၊ ပြည်သူတွေသိရှိဖို့အတွက် ကျွန်တော့်အနေနဲ့ တောင်းဆိုခြင်းဖြစ်ပါတယ်။ ပြဋ္ဌာန်းပြီးတဲ့ ဥပဒေကတော့ သိရှိပြီးဖြစ်ပါတယ်။

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ဦးမြင့်စိုး ပြောကြားတဲ့ဟာကို ကျွန်တော်တို့ ဆောင်ရွက်ပေးပါမယ်။ လက်ရှိမှာလည်းပဲ ကျွန်တော်တို့ ဒီနိုင်ငံ့ဝန်ထမ်းစည်းကမ်းဥပဒေထဲက သိသင့်သိထိုက်တာလေးတွေကို အပိုင်းလိုက်အပိုင်းလိုက် ကျွန်တော်တို့ ထုတ်နုတ်ဖော်ပြပေးလျက်ရှိပါတယ်။ ၎င်းနည်းတူပဲ ဦးမြင့်စိုး အကြံပြုတဲ့အတိုင်း ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တိရစ္ဆာန်များမှ လူကိုကူးစက်စေတတ်သော ရောဂါများအကြောင်း နိုင်ငံနှင့်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် စီမံဆောင်ရွက်မည့် အစီအစဉ်များရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးအောင်ကျော်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးအောင်ကျော်လွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာဆိုရင် နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းကျော်သော ကျေးလက်နေပြည်သူများသည် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း

များဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ ဖြစ်ကြပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝှမ်းရှိ ကျေးရွာပေါင်း ၆၄၃၄၆ ရွာတွင် နေထိုင်ကြသော ကျေးလက်နေပြည်သူများရဲ့ စိုက်ပျိုး/မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ထိုသို့ မွေးမြူရေးလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ တိရစ္ဆာန်များမှတစ်ဆင့် လူကိုကူးစက်စေတတ်သော ရောဂါဆန်းများမှာလည်း နည်းမျိုးစုံဖြင့် လူသားများဆီသို့ ကူးစက်ပြန့်ပွားလျက်ရှိနေသည်ကို လေ့လာသိရှိရပါတယ်။ ဥပမာအားဖြင့် တင်ပြရမည်ဆိုပါက ကြက်၊ ငှက်၊ တုပ်ကွေးရောဂါ၊ ဝက်တုပ်ကွေးရောဂါနဲ့ ယနေ့ခေတ်စားနေသော အီဘိုလာရောဂါများဟာဆိုရင် တိရစ္ဆာန်များမှတစ်ဆင့် လူသားများဆီသို့ ကူးစက်လျက်ရှိကြောင်းကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ တိရစ္ဆာန်များမှ လူကိုကူးစက်စေနိုင်သော ရောဂါများအကြောင်းကို နိုင်ငံနှင့်အဝှမ်းရှိ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး တစ်နိုင်ငံလုံးရှိ မွေးမြူထုတ်လုပ်ရောင်းချသူများနှင့် စားသုံးသူများအားလုံး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်စားသောက်စေနိုင်ပြီး ကျန်းမာပျော်ရွှင်သောလူသားများ ဘဝပိုင်ဆိုင်နိုင်ရေးအတွက် မည်ကဲ့သို့ အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကူးစက်ရောဂါများစောင့်ကြပ်ကြည့်ရှုခြင်းနဲ့ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာတိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သော ရောဂါများဖြစ်ပွားမှုနဲ့ သေဆုံးမှုကျဆင်းစေရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ပြည်တွင်းလူမှုရေး

အသင်းအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာဖြစ်ပွားမှုများပြားတဲ့ ခွေးရူးပြန်ရောဂါကာကွယ်ရေးအတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ခွေးရူးပြန်ကာကွယ်ဆေးများအား ဆေးရုံများသို့ဖြန့်ဝေပြီး ခွေးကိုက်ခံရသည့်လူနာများအား အခမဲ့ထိုးနှံပေးလျက်ရှိပါတယ်။ ပြည်သူလူထုအတွင်း၌လည်း ခွေးရူးပြန်ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိကြောင်းသိရှိနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ကျန်းမာရေးသတင်းဖြန့်ဝေခဲ့ရာ ၂၀၁၃ခုနှစ်အတွင်း ခွေးကိုက်ခံရသည့်လူနာ ၂၈၀၀၀ ကျော်အတွက် ခွေးရူးပြန်ကာကွယ်ဆေးအလုံးပေါင်း ၁၄၀၀၀၀ ကျော် ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ခွေးရူးပြန်ရောဂါနဲ့ပတ်သက်၍ ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများအားကျန်းမာရေးဌာနများသို့ ဖြန့်ဝေခြင်း၊ ရုပ်မြင်သံကြားနှင့် စာစောင်များတွင်လည်းသတင်းများဖော်ပြခြင်းတို့ဖြင့် ပြည်သူလူထုအား ကျန်းမာရေးပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တိရစ္ဆာန်မှတစ်ဆင့် ဖြစ်ပွားစေတတ်သောကူးစက်မြန်ရောဂါများဖြစ်သည့် ၂၀၀၃ ခုနှစ်ကဖြစ်ပွားခဲ့သည့် SARS ရောဂါ၊ မြန်မာနိုင်ငံအတွင်း ကြက်၊ငှက်များတွင် ဖြစ်ပွားခဲ့သည့် ကြက်/ငှက်တုပ်ကွေးရောဂါ၊ $H_5N_1$ ရောဂါများအား အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး ရောဂါပျံ့နှံ့မှုမရှိစေရေးအတွက်လည်း National Contingency Plan for Avian Influenza အညီအောင်မြင်စွာထိန်းချုပ်နိုင်ခဲ့ပါတယ်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ကျန်းမာရေးပညာပေးလုပ်ငန်းများအား ကျန်းမာရေးပညာပေးဆပ်ကော်မတီမှ မီဒီယာပေါင်းစုံဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ရှိအခြေအနေဖြင့်လည်းအရှေ့အလယ်ပိုင်းဒေသနှင့် နိုင်ငံပေါင်း ၂၁ နိုင်ငံမှာဖြစ်ပွားနေတဲ့ MERS.CoV ရောဂါနှင့် တရုတ်နိုင်ငံတွင်ဖြစ်ပွားနေတဲ့ $H_7N_9$ ရောဂါများ မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရေးအတွက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာကျင်းပခဲ့တဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ Public Health Preparedness Plan နှင့်အညီ အဆိုပါရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးစာစောင်များဖြန့်ဝေခြင်း၊ နိုင်ငံတကာဝင်/ထွက်ဂိတ်များတွင် အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် ၂၀၀၅ နဲ့အညီဆောင်ရွက်ခဲ့ပြီး လက်ရှိအနေဖြင့်လည်း အဆိုပါ လုပ်ငန်းများ အားသက်ဆိုင်ရာအစိုးရဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအတွင်း အဆိုပါရောဂါများနဲ့ပတ်သက်၍ ကျန်းမာရေးသတင်းအချက်အလက်များရရှိစေရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှသာမက အခြားမီဒီယာများတွင်လည်းကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနိုင်ရေးအတွက် တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ကာ ဖြေကြားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုနည်းတူ

ဆက်စပ်ဝန်ကြီးဌာနဖြစ်တဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်းတိရစ္ဆာန်များမှ လူကိုကူးစက်တတ်သောရောဂါများနှင့်ပတ်သက်၍ One Health ဆောင်ပုဒ်နဲ့အညီ နိုင်ငံနှင့်အဝှမ်း မွေးမြူထုတ်လုပ်ရောင်းချသူများနဲ့ စားသုံးသူများအားလုံး ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီမံဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဖော်ပြချက်အရ လူတွင်ဖြစ်ပွားလေ့ရှိတဲ့ ရောဂါရဲ့ ၇၅ ရာခိုင်နှုန်းသည် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ခြင်းကြောင့်ဖြစ်ပွားလေ့ရှိပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကြက်/ငှက်တုပ်ကွေးရောဂါ (Avian Influenza)၊ ခွေးရူးရောဂါ (Rabies)၊ ဒေါင့်သန်းရောဂါ (Antrax)၊ သားလျှောရောဂါ (Brucellosis)နဲ့ လက်တိုစပိုင်ယားရောဂါများ (Leptospirosis) စသည့် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်တဲ့ရောဂါ ငါးမျိုးကိုဦးစားပေးရောဂါအဖြစ် သတ်မှတ်ကာရောဂါကာကွယ်ထိန်းချုပ်ရေးအတွက်ပြည်သူလူထုအတွင်းကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ၂၀၀၆ ခုနှစ်မှစ၍ ပြင်းထန်သော ကြက်ငှက်တုပ်ကွေးရောဂါ ($H_5N_1$)၊ အရေးပေါ်တုံ့ပြန်ရေးအစီအမံကို FAO နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ခုနှစ်တွင် အိမ်နီးချင်းတရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားလာတဲ့ ကြက်ငှက်တုပ်ကွေးရောဂါ $H_7N_9$ ကြိုတင်ရောဂါကာကွယ်ရေးအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအမံကို ကျန်းမာရေးဝန်ကြီးဌာန၊ FAO နဲ့ပူးပေါင်းပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလမှစ၍ မူကြမ်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း၍ နှစ်စဉ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့ ကျင်းပပြီး ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ခွေးရူးရောဂါကာကွယ် ဆေးထိုးလုပ်ငန်းနှင့် လူထုပညာပေးလုပ်ငန်းများအား ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မြို့တော် စည်ပင်/မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ (OIE) မှ လှူဒါန်းသောခွေးရူးရောဂါကာကွယ်ဆေးအဆ ၂သိန်းကို အသုံးပြု၍ ခွေးရူးရောဂါဖြစ်ပွားနိုင်ခြေများသော တိုင်းဒေသကြီး/ပြည်နယ်များမှာ ကာကွယ်ဆေးထိုးလုပ်ငန်းများစီမံချက်ချကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဒေါင့်သန်းရောဂါအပါအဝင် ကျွဲ၊ နွားကူးစက်ရောဂါများနှင့် ပတ်သက်၍ ကာကွယ်ဆေးများထုတ်လုပ်ပြီး နှစ်စဉ်

မူကြမ်း

အမျိုးသားအဆင့်စီမံချက်များ သတ်မှတ်ကာ ရောဂါကြိုတင် ကာကွယ်ဆေးများထိုးနှံပေးခြင်းအားဖြင့် ဆုံးရှုံးပျက်စီးမှုလျော့နည်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သားလျောရောဂါနှင့်ပတ်သက်၍လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် သားလျောရောဂါစမ်းသပ်ဆေးနှင့် ကာကွယ်ဆေးများထုတ်လုပ်၍ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့်ပူးပေါင်း၍ စီမံချက်များချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိရစ္ဆာန်မှ လူသို့ကူးစက်စေတတ်သော ရောဂါများနှင့်ပတ်သက်၍ အခါအားလျော်စွာမွေးမြူသူများအား ပညာပေးဟောပြောခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေး သတိ၊ ကျန်းမာရေးအသိပညာများရရှိစေရန် သတင်းစာ၊ ဂျာနယ်၊ တီဗွီစသည့် မီဒီယာများမှတစ်ဆင့် အသိပေးကြော်ငြာခြင်း၊ ဆိုင်းဘုတ်များ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါရှာဖွေစူးစမ်းရေးလုပ်ငန်းများအား နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော FAO၊ OIE၊ WHO USAID၊ AUSAID တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လည်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သော ၃၀-၉-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃-၁၀-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပမည့်နေရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**